# မိုလိုတော့

အတွဲ ၂
အမှတ် ၆

ဖက်ဆစ်စစ်တပ်မှ အာဏာသိမ်းထားတာ ရက်ပေါင်း (၁၉၀) ရှိပါပြီ။ ဩဂုတ်၊ ၂၀၂၁






တော်လှန်ရေးစခမျက်နှာပေါ်က မြေအောက်သတင်းစာစောင်များ

စစ်အာဏာရှင်ကို လူတန်းစားတရပ်လုံး ဆန့်ကျင်တော်လှန်ခဲ့ကြတဲ့ ရှစ်လေးလုံး အရေးတော်ပုံကြီး (၃၃)နှစ် တိုင်ခဲ့ပြီ။ အာဏာရှင်ဆန့်ကျင် ဖြုတ်ချရေးမပြီးဆုံး သေးတဲ့ တော်လှန်ရေးဟာ ၂၁ မျိုးဆက်သစ်တို့ရဲ့တာဝန်အဖြစ် လက်ဆင့်ကမ်းခဲ့ ပြီ။

ရှစ်လေးလုံး အရေးတော်ပုံကြီးအကြောင်း ပြန်ပြောင်းပြောကြတဲ့အခါ မပါ မဖြစ်ပြောကြရမယ့်ထဲက တခုကတော့ အရေးအခင်းကာလအတွင်း ထွက်ပေါ် လာခဲ့တဲ့ မြေအောက်သတင်းစာ၊ စာစောင်တွေအကြောင်းပဲ ဖြစ်တယ်။ အကြမ်း ဖက်ဖိနှိပ်မှု အကျပ်အတည်း၊ နည်းပညာ အခက်အခဲတွေကြားမှာ တော်လှန်ရေး သတင်းစာစဉ်တွေ အလျှိုလျှိုပေါ် ပေါက်လာကြပြီး လူထုကို တော်လှန်ရေးစိတ်ဓာတ် များ မွေးဖွားအသက်ဝင်စေခဲ့ပါတယ်။

အဲ့ဒီအချိန်ကာလမှာ နိုင်ငံပိုင် သတင်းစာများမှလွဲလျှင် သတင်းစီးဆင်းမှု အတွက် အချိန်ပိုင်းထုတ်လွှင့်တဲ့ ရေဒီယိုအသံလွှင့် သတင်းအစီအစဉ်များသာ ရှိ ခဲ့တာပါ။ သတင်းမှန်ရရှိဖို့ အလွန်ခက်ခဲကြတဲ့အချိန်မှာ ထွက်ရှိလာခဲ့တဲ့ ပုဂ္ဂလိက သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေက ပြည်သူလူထုကြား သတင်းအချက်အလက် မပြတ်တောက်ရေးနဲ့ စိတ်ဓာတ်ခွန်အား လှုံ့ဆော်ရေးအပိုင်းတွေမှာ အဓိက အားထား ရာဖြစ်လာခဲ့ပါတယ်။

မတူညီတဲ့ အသင်း၊ အဖွဲ့အစည်းအမျိုးမျိုးက ထုတ်ကြတဲ့ သတင်းစာစဉ်တွေဟာ တနိုင်ငံလုံးအတိုင်းအတာအနေနဲ့ အစောင်ရေ ၁၀၀ ကျော်ခန့်ရှိခဲ့ပါတယ်။ အဆိုပါ သတင်းစာစောင်တွေဟာ အနယ်နယ်အရပ်ရပ်က လူထုဆန္ဒပြပွဲသတင်းတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေရဲ့ ဟောပြောချက်တွေ၊ တော်လှန်ရေးလှုံ့ဆော်တဲ့ ကဗျာ၊ ကာတွန်းတွေအပြင် ထုတ်ဝေတဲ့အသင်းအဖွဲ့ရဲ့ အတွေးအမြင်ဆောင်းပါးတွေကို တာဝန်ကျေစွာ ဖော်ပြနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ၆၂ ရဲ့ သမိုင်းစာမျက်နှာအချို့ကိုလည်း ၈၈ ရဲ့ သတင်းစာစောင်တွေမှာ အများပြည်သူ ပိုမိုသိရှိလေ့လာနိုင်စေဖို့ ဖော်ပြခဲ့တာမျိုးတွေ ရှိခဲ့ပါတယ်။

သက်စွန့်ဆံဖျား မှတ်တမ်းယူခဲ့ကြတဲ့ သတင်းသမားများ၊ ဓာတ်ပုံဆရာများ၊ Citizen Journalist များရဲ့ ကျေးဇူးကြောင့် ပြည်သူလူထုနဲ့ နိုင်ငံတကာဆီကို သတင်းစကားပါးနိုင်ခဲ့ရုံသာမက ခေတ်အဆက်ဆက်အတွက် သမိုင်းဝင်ပုံရိပ်တွေကို မှတ်တမ်းချန်ရစ်နိုင်ခဲ့ကြပါတယ်။

၈၈ အာဏာသိမ်းအပြီးမှာတော့ သတင်းစာဆရာအများအပြား ဖမ်းဆီးထောင်ချခံခဲ့ရပါတယ်။ ထုတ်ဝေခဲ့တဲ့ သတင်း၊ စာစောင်တွေကိုလည်း လုံခြုံရေးအရ လူထုက ဖျက်ဆီးပစ်လိုက်ရတာမျိုးတွေကြောင့် အချို့ကို အခုအချိန်မှာ ပြန်လည်ရှာဖွေလို့ မရနိုင်တော့ပါဘူး။

၂၁ တော်လှန်ရေးမျိုးဆက်ရဲ့ စာစဉ်တခုဖြစ်တဲ့ မိုလိုတော့ဗ်စာစဉ်အနေနဲ့ အာဏာရှင်ကို ဆန့်ကျင်ရင်းနိုင်တဲ့ဝန်ကိုထမ်း၊ သမိုင်းလက်ဆင့်ကမ်းနိုင်အောင် ကြိုးစားနေပါတယ်။


ရှစ်လေးလုံးလူထုအရေးတော်ပုံ ၃၃ နှစ်မြောက်နေ့ဖြစ်တဲ့ ဒီနေ့ကို ဂုဏ်ပြုရင်း ၈၈ ကာလကို ထင်ဟပ်ပြသနေပြီး ပြည်သူတွေရဲ့ တော်လှန်၊ အာခံခြင်းကနေ ပေါက်ဖွားလာခဲ့တဲ့ သတင်းစာ၊ စာစဉ်တွေနဲ့ ခေတ်အဆက်ဆက်က သတင်းစာဆရာတွေ၊ ဓာတ်ပုံဆရာတွေနဲ့ထပ်တူ တော်လှန်ရေးစာစောင်တွေကို လူထုထံရောက်အောင် စွန့်စားဖြန့်ချိပေးကြတဲ့ ပြည်သူအယောက်စီတိုင်းကို မှတ်တမ်းတင်ဂုဏ်ပြုဦးညွှတ်လိုက်ရပါတယ်။

(ရှစ်လေးလုံးအရေးတော်ပုံကာလအတွင်းက မြေအောက်တော်လှန်ရေးစာစဉ်များရဲ့ မျက်နှာဖုံးများအား စုဆောင်းမိသမျှကို မိုလိုတော့ဗ်စာစဉ်၏ Facebook စာမျက်နှာတွင် စုစည်းတင်ပြသွားပါမည်။)

■ မိုလိုတော့ဗ်စာစဉ် အဖွဲ့သားများ

၈.၈.၂၀၂၁





# PAIN IS GOOD

စံ ညိမ်း ဦး

ရန်သူ့လက်မှာ
ဘယ်လောက်ထိ နာကျင်ခဲ့ရှာမလဲ။
စသဖြင့်
ခရစ်တော်
ချေဂွေဗားရား
ကေဇဝင်း
ခက်သီ။
ဗွက်နွံရဲ့ ညစ်ထေးခြင်းကိုအန်တု
သန့်ရှင်းသော "ကြာ"အကြောင်းလို
တူရဲ့ရက်စက်ခြင်းကိုခုခံ
ပေပေါ်က သံမဏိမြောက် ဒါးအကြောင်းလို
ဆရာဒဂုန်တာရာရဲ့
"သတ်၍မသေသော သင်"ကဗျာထဲက သူရဲကောင်းများအကြောင်းလို
ငါတွေးနေမိတယ်။
လူထက်
လှခဲ့ကြသူတို့။ ။

● စံညိမ်းဦး




ကြည့်စမ်း
မျက်ရည်နဲ့လှတဲ့
လှမ်းခဲ့ လမ်းကလေး …

တရွေ့မှ
တလျှင်တမြန်

သူတို့က ကြွေမယ်
ငါတို့က ဝေပြီးရင်း ဝေမယ်
မဝေးဘူး

နိမိတ်ပုံက
ဒီအတိုင်း ရပ်ကြည့်မနေဘူး

ဝိညာဉ်က
ဒီအတိုင်း မကျွတ်ဘူး

ဖိနှိပ်ရှင်သန်သူကို
သေသူက ရန်းကန်ထကြွ ပါးရိုက်ပြီးမှ
ကျွတ်မယ်။ ။

● လွတ်လပ်မိုး



"ကျမတို့ရဲ့တာဝန်ဟာ နိုင်ငံဆိုတာပေါ်မှာမဟုတ်ဘဲ
ကမ္ဘာတဝန်းပေါ်က လူတစ်ဦးတစ်ယောက်ချင်းစီဆိုတဲ့ အပေါ်မှာပဲ
ရှိသင့်တယ်လို့ ကျမတော့ ထင်တယ်။
ဒါမှသာ နိုင်ငံဆိုတာဟာ ဒဏ်ရာအဖြစ်ကနေ လွတ်မြောက်နိုင်မှာ ဖြစ်ပါတယ်။"

# စစ်ပွဲ

■ နက်သလီ ဟန်ဒယ်လ်

အလင်းရောင်အပြည့် အခန်းထဲမှာ ဗလာစာတိုအပြည့်နဲ့ ခွက်တခု
လူတွေကို မျက်ကန်းဖြစ်စေခဲ့တဲ့၊ မျက်ကန်းဖြစ်နေဆဲ အလင်းရောင်တွေ တန်းစီလို့
လူငယ်တွေဟာ အေးအေးချမ်းချမ်းနဲ့ သေမသွားရဘူးလို့ လူတယောက်ပြောတာ ကြားလိုက်ရ။

အားလုံးပြီးဆုံးသွားခဲ့၊ ရှုပ်ပွနေတဲ့ ဆံပင်နဲ့ ကောင်လေးတွေ၊ သူတို့ အပြုံးလေးတွေ
ရှေးလူကြီးတွေရဲ့ ဓာတ်ပုံတွေ၊ ဝိညာဉ်တွေရဲ့ ဇာတ်လမ်း
ကလေးငယ်ရဲ့ သေးငယ်လက်တွေကို သဖန်းပင်က စောင့်ဆိုင်းနေဆဲ
နေမထွက်ခင် မြူဝေချိန် အခိုက်အတန့်။

အခုတော့ ဖယောင်းတိုင်တွေ အရည်ပျော်ကုန်ပြီ
ဘုရားကျောင်းရဲ့ ခေါင်းလောင်းတွေလည်း
ဗက်သလင်ဟမ်မှာ မမြည်ကြတော့။

နှုတ်ဆက်ချိန်တွေနဲ့
ဖမ်းဆီးသိမ်းဆည်းထားတဲ့ ဘဝတွေ
အကျဉ်းကျခံ မြို့တွေရဲ့ သွေးတွေနဲ့
အဆက်မပြတ်တဲ့ အတိတ်ကာလတခု။

ငါတို့ မျက်လုံးတွေထဲကို လှိမ့်ဝင်လာတဲ့
ငါတို့ သွေးကြောတွေကို ပေါက်ထွက်စေတဲ့ အုံ့ဒီမြင်ကွင်းတွေကို
ဘယ်လိုခံစားနိုင်မှာလဲ၊ လူသေတယောက် ရေဆာကောင်းဆာနေလိမ့်
ဆုပ်ထားတဲ့ လက်သီးနဲ့၊ မနက်ကော်ဖီအတွက် သကြားတချို့ လက်ထဲမှာ
ကော်ဖီခွက်တွေ ပြည့်နေ

ရေဒီယိုဌာနတခုထဲက
စားပွဲပေါ်မှာ
အလောင်းသုံးလောင်းဘေးမှာ

သူတို့အိပ်မက်ထဲမှာ သေသူတွေက သေနတ်သမားတွေနောက်ကို လိုက်ပြီးသတိပေးနေခဲ့
ကလေးငယ်လေးတယောက်ကို
"ကျေးဇူးပြုပြီး ရပ်ကြပါတော့"လို့ ပြောနေတဲ့ အမျိုးသမီးတယောက်ကို
သူတို့ ဒီနေ့ သတ်သွားကြောင်း

မျက်ရည်တွေကို ရပ်ပါစေတော့၊ အဝတ်အိတ်တွေ၊ တိတ်ဆိတ်မှုတွေ
တရားထိုင်ကော်ဇောကို ကိုင်ထားတဲ့ လူတယောက်
မှတ်ဉာဏ်ထဲမှာ ကျန်နေသေးသမျှလေးကို ဆုပ်ကိုင်နေရပြီး
တနေ့တနေ့ ရူးသွပ်မသွားအောင် ကျော်ဖြတ်နေရသူတွေ ...

နားထောင်ကြည့်ပါ၊ ငါတို့ မရေတွက်ခင် လူဘယ်နှယောက် သေသင့်သလဲ
နားထောင်ကြည့်ပါ၊ ဘယ်သူနားထောင်နေပါသလဲ၊ ဒီနေရာမှာ ဘယ်သူမှမရှိ၊ ဘာမှလဲ မကျန်တော့၊
စစ်ပွဲပြီးသွားတဲ့အခါ ဘာမှ မကျန်တော့ဘူး၊ နောက်ထပ် စစ်ပွဲတွေသာ ကျန်တော့မှာ။

"ကဗျာဟာ ကျမတို့ရဲ့စိတ်နဲ့ နှလုံးသားကို အလွန်ရွေ့လျားစေနိုင်ပြီး ကြောက်စိတ်၊ လူအချင်းချင်း ခွဲခြားဆက်ဆံစိတ်၊ မတရားသဖြင့် ဘက်လိုက်မှုတွေကို ပြောင်းပြန်လှန်ပစ်တတ်ပါတယ်။ ဒါကြောင့်လည်း ကဗျာရေးသူ အမြောက်အများဟာ ထောင်ကျသည်ဖြစ်စေ၊ ပြည်တွင်းမှာမနေထိုင်နိုင်ဘဲ ရှောင်ပြေးကြရတာတွေ ပြည်နှင်ဒဏ်ပေးခံရမှုတွေ ရှိနေကြတာပါ။ ကဗျာဟာ အမှန်တရားဘက်မှာ ရှိပါတယ်။ လူမျိုးရေးခွဲခြားမှုတွေ၊ ဘာသာရေး ရွံမုန်းမှုတွေ၊ အကျင့်ပျက်ခြစားမှု စတဲ့ အကြောင်းအရာတွေကို တော်လှန်ဖို့လိုအပ်ကြောင်းကို စာရေးသူတွေက ထောက်ပြလေ့ရှိတယ်။ တဦးချင်းစီရဲ့အမြင်ကို အပြောင်းအလဲလုပ်နိုင်ပြီး သူတို့အပေါ်မှာလည်း စာရေးသူတွေက လွှမ်းမိုးနိုင်စွမ်း ရှိတယ်။ ကဗျာတပုဒ်၊ ဝတ္ထုတပုဒ်ဟာ တော်လှန်ရေးနဲ့ အတိုက်အခံလှုပ်ရှားမှုတွေအပေါ် အကျိုးသက်ရောက်မှုရှိအောင် လူထုကို လှုံ့ဆော်ပေးနိုင်ပါတယ်။"

■ နက်သလီ ဟန်ဒယ်လ်(Nathalie Handal)

"နက်သလီ ဟန်ဒယ်လ်"ဟာ ဟေတီနိုင်ငံ ဇာတိဖြစ်ပြီး ပါလက်စတိုင်းနိုင်ငံရဲ့ ဗက်သလင်ဟမ်မိသားစု (Bethlehem)ကနေ ကြီးပြင်းလာတဲ့ ပြင်သစ်-အမေရိကန်လူမျိုး ကဗျာရေးသူ၊ ပြဇာတ်ရေးသားသူ၊ ဘာသာပြန်သူနဲ့ အယ်ဒီတာတဦးဖြစ်ပါတယ်။ လက်ရှိမှာ နျူးယော့ခ်တက္ကသိုလ်မှာ စာပေသင်ကြားပို့ချနေသူဖြစ်ပါတယ်။ နက်သလီဟာ လက်တင်အမေရိက၊ ဥရောပ၊ အာရှ၊ အာရပ်ဒေသနဲ့ အမေရိကတို့မှာ ရွေ့လျားနေထိုင်ခဲ့သူတဦးလည်းဖြစ်တယ်။ သူမဟာ ကဗျာစာအုပ်အချို့၊ ပြဇာတ်၊ အက်ဆေး အစရှိတဲ့ စာပေတွေကိုရေးသား ထုတ်ဝေခဲ့ပြီး ၂၀၂၀ ခုနှစ်မှာ ပါလက်စတိုင်းစာအုပ်ဆု (2020 Palestine Book Award) အပါအဝင် ကဗျာဆိုင်ရာ ဆုအများအပြားရရှိခဲ့သူတဦးလည်း ဖြစ်ပါတယ်။


သူမရဲ့ ကဗျာတွေမှာ အများအားဖြင့် နေရာရွှေ့ပြောင်းနေထိုင်ရမှုတွေ၊ ကိုယ့်တိုင်းပြည်ကနေစွန့်ခွာရမှု၊ စစ်ပွဲ၊ အရှေ့အလယ်ပိုင်းဒေသနဲ့ အာရပ်အမျိုးသမီးများရဲ့ စာပေရေးရာ စတဲ့ အကြောင်းအရာတွေ ပါဝင်လေ့ရှိပါတယ်။

■ ■ ■ ■

# စစ်ရေးစစ်ရာ မှတ်စုများ

အပိုင်း-၁၇

× ဘိုးဒေါင်း ×




ပြီးခဲ့တဲ့အပတ်က စစ်ရေးစစ်ရာ စီမံခန့်ခွဲမှုအကြောင်းပြောမယ်လို့ ရည်ရွယ်ထားပေမဲ့ လတ်တလော လိုအပ်ချက်အရ ပြောသင့်ပြောထိုက်တာတွေ ပြောချင်သေးတယ်။

စစ်ရေးစစ်ရာမှာ အရေးပါပြီး အဓိကကျတာက ရန်သူပြုလုပ်မယ်လို့ ကြံစည်ထားတဲ့ စစ်ရေးမဟာဗျူဟာကို တိုက်ခိုက်ဖျက်စီးရေးပဲ။ အဲ့ဒါကို ဖျက်ဆီးနိုင်ခြင်းဟာ အဆင့်အမြင့်ဆုံးသော နည်းပရိယာယ် ဖြစ်တယ်။ ရန်သူရဲ့ နိုင်ငံရေးမဟာဗျူဟာကို နိုင်ငံရေးအရလည်း ဖျက်စီးပစ်ရမှာဖြစ်သလို ရန်သူရဲ့ စစ်ရေးမဟာဗျူဟာကိုလည်း စစ်ရေးအရ ဖျက်ဆီးတိုက်ခိုက်နိုင်ရင် ရန်သူ့တပ် ပျက်ပြီသာမှတ်တော့။

နောက်တခုကတော့ ရန်သူရဲ့မဟာမိတ်ကို တိုက်ခိုက်ဖြိုခွဲပစ်ကြရမယ်။ အခု PDF တွေ၊ ဂျန်ဇီး(GZ)တွေ၊ အခြားသော ပြည်သူ့ဘဝစောင့်ရှောက်နေတဲ့ လူငယ်အဖွဲ့အစည်းတွေက သုတ်သင်နေတဲ့ အုပ်ချုပ်ရေးမှူးတွေ၊ ပျူစောထီးတွေ၊ နယ်ခြားစောင့်တပ်(BGF)၊ စစ်တပ်ကဖွဲ့ပေးထားတဲ့'ပြည်သူ့စစ်'တွေအပါအဝင် ရန်သူနဲ့ မဟာမိတ်လုပ်ထားတဲ့ အဖွဲ့အစည်းမှန်သမျှကို တိုက်ခိုက်ချေမှုန်းကြရမှာပဲဖြစ်တယ်။

နောက်တချက်ကတော့ ရန်သူရဲ့စစ်အင်အားကို ကိုယ့်အခြေအနေနဲ့ချိန်ဆပြီး တိုက်ခိုက်ကြရမယ်။ စစ်အင်အားဆိုရာမှာ အခုခေတ်မှာတော့ ကြည်း၊ ရေ၊ လေ ဆိုပြီးရှိတယ်။ လေတပ်ဆိုရင် ရန်သူအဓိကအားကိုးရာပဲ။ ပြည်တွင်းစစ်မှမဟုတ် ဒီနေ့ကာလမှာ လေတပ်ဟာ အင်အားကြီးတခုဖြစ်တယ်။ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့မြေမှာ ဗြိတိသျှဗိုလ်ချုပ်ကြီးစတီးဝဲလ်က မြစ်ကြီးနားလေဆိပ်ကို ဦးစွာပထမ အရင်သိမ်းယူခဲ့ရတယ်။ လက်ရှိအခြေအနေထိ မြစ်ကြီးနားလေဆိပ်ဟာ အရေးပါတဲ့ မဟာဗျူဟာတခု ဖြစ်နေဆဲဆိုတာကို မမေ့စေနဲ့။

ပြောလက်စနဲ့ တဆက်တည်းပြောရရင် မြေပြန့်လွင်ပြင်တွေမှာ ရန်သူရဲ့ခံစစ်အားက အသာစီးရတဲ့အခြေအနေမှာ ရှိတတ်တယ်။ ကိုယ်ကဒေသခံ ကိုယ့်မဟာမိတ် အားကောင်းပေမဲ့ ခိုအောင်းစရာနေရာအခက်အခဲဖြစ်တတ်တယ်။ ထိုးစစ်ဆင်ဖို့ အချိန်စောင့်ရတတ်တာကို မမေ့လေနဲ့။

ဆောင်းပါး

ဒုတိယကမ္ဘာစစ် မြန်မာမြေပြင်ကိုထိုးစစ်ဆင်တဲ့အခါ ဗိုလ်ချုပ်ကြီး'စလင်း'က ရွှေဘိုလွင်ပြင်ကို ထိုးဖောက်ပြီး ဂန့်ဂေါ–ပခုက္ကူဘက်ကနေ မိတ္ထီလာကို ထိုးစစ်လုပ်ခဲ့ဖူးတယ်။ မိတ္ထီလာလေတပ်စခန်းကို အံ့ဒီနည်းနဲ့ သိမ်းပိုက်နိုင်ခဲ့တာ။ မြစ်ကြီးနားလေတပ်စခန်းနဲ့ မိတ္ထီလာ လေတပ်စခန်း ကျသွားပြီဆိုကတည်းက ဂျပန် စစ်ရှုံးတော့မယ်ဆိုတာ မလွဲမသွေ ခန့်မှန်းလို့ရနေပြီ။

ရေတပ်ကတော့ ပြည်တွင်းစစ်မှာ ထောက်ပို့အနေနဲ့ပဲလုပ်လို့ရတယ်။ ရေတပ်မှာ အကန့်အသတ်ရှိတယ်။ မြစ်ကမ်းနဖူး ရွာတွေကလွဲပြီး ရေတပ်ဝင်လို့မရဘူး။ မြန်မာနိုင်ငံရဲ့ မြစ်ကြောင်းတွေက 'ကော'နေတာကြာပြီ။ တကယ့် ရေတပ်သင်္ဘော ဝင်လို့မရဘူး။ ဒါကြောင့်ရန်သူက ရေတပ်ကိုသုံးရာမှာ ထောက်ပံ့ပို့ဆောင်ရေးအတွက်ပဲ သုံးနိုင်တယ်လို့ သိထားသင့်တယ်။ ဒါပေမယ့် ပင်လယ်ပြင်ရှိရာဒေသတွေဖြစ်တဲ့ ရခိုင်၊ မွန်၊ တနင်္သာရီဒေသနဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေကတော့ ရေတပ်အန္တရာယ်ရှိတယ်။

အခုတလော ရန်သူဘက်က စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်တွေကို ဖိတိုက်ခိုက်နေတာဟာ ရန်သူရဲ့စစ်ရေး မဟာဗျူဟာအရပဲဖြစ်တယ်။ အံ့ဒီဒေသတွေကိုကြည့်ရင် ကိုယ့်အတွက် အချိန်မရွေး လွတ်မြောက်နယ်မြေတည်လို့ရနိုင်တယ်။ တိုင်းနဲ့ပြည်နယ်ထဲမှာ စစ်ကိုင်းတိုင်းဟာ အကျယ်ဆုံးဖြစ်တယ်။ ချင်းတွင်းမြစ်ဝဲယာဟာ တောတောင်ထူထပ်တယ်။ မဟာမြိုင်ကြီးတွေရှိတယ်။ သွားလာရေးခက်ခဲတယ်။

ဒုတိယကမ္ဘာစစ်တုန်းကလည်း ရခိုင်၊ ချင်းနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတွေကို အင်္ဂလိပ်က ဦးစွာသိမ်းပိုက်ခဲ့တာဟာ မဟာဗျူဟာကျတဲ့နေရာ ဖြစ်လို့ပါပဲ။ တချို့စစ်ကြောင်းတွေက ကလေးကနေ မဟာမြိုင်တောကြီးကိုဖြတ်ပြီး ရေဝတီမြစ်ကြောင်းအတိုင်းချီတယ်။ တချို့က ချင်းတွင်းမြစ်ကြောင်းအတိုင်း စုန်ဆင်းချီတက်တယ်။ တချို့တပ်တွေက ချင်းပြည်နယ်ကနေ ဂန့်ဂေါ၊ ပခုက္ကူ၊ မြင်းခြံ၊ မိတ္ထီလာကိုချီတက်ခဲ့ကြတာ။ သူတို့စစ်ချီခဲ့တဲ့ လမ်းကြောင်းကို အကြမ်းပြောပြတာ။ ဒါက မဟာဗျူဟာလမ်းကြောင်းကို အခြေခံတဲ့ တိုက်ပွဲတွေ။ တိုက်ပွဲတပွဲချင်းအကြောင်းကတော့ အရင်ပြောခဲ့တာတွေနဲ့ ပြန်ချိန်ဆကြရမယ်။

အချုပ်အနေနဲ့ပြောချင်တာက ရန်သူပြုလုပ်မယ့်၊ ရန်သူကြံစည်မယ့် စစ်ရေးမဟာဗျူဟာကို ဦးစွာပျက်အောင်ဖျက်ပါ။ အကယ်လို့ ရန်သူရဲ့ စစ်ရေးမဟာဗျူဟာအဖြစ် စစ်ကိုင်းတိုင်းနဲ့ ချင်းပြည်နယ်နှိမ်နင်းရင် အံ့ဒီဒေသတွေကို ကာကွယ်ပါ။ ရန်သူ့မဟာဗျူဟာကို ပျက်အောင်ဖျက်ကြပါ။

ဒုတိယအနေနဲ့ အံ့ဒီဒေသတွေမှာရှိတဲ့ ရန်သူရဲ့ မဟာမိတ်တွေကိုသုတ်သင်ပါ။ ဒေါက်တိုင်တွေကိုဖြိုကြပါ။ အထူးသဖြင့် လွင်ပြင်ဒေသတွေဟာ ရန်သူ့အတွက် ခံစစ်အားသာနေတတ်တဲ့အတွက် ကိုယ့်ဘက်က စစ်အင်အား၊ လူအင်အား၊ အကြံအစည်၊ နည်းပရိယာယ် အပြည့်အစုံပြင်ဆင်ပြီးမှ လှုပ်ရှားသင့်ကြောင်း တင်ပြလိုက်ပါတယ်။

ဒီအချက်အချို့ဟာ 'ဆွန်ဇူး'ရဲ့ စစ်ပညာအလိုကို တိုးချဲ့ခေတ်ကာလအခြေအနေနဲ့ ညှိနှိုင်းဖော်ပြလိုက်တာဖြစ်တယ်။

ကဲ…နောက်တပတ်မှဆုံကြရအောင်။ ပီဒီအက်ဖ်နဲ့ အပေါင်းအပါမျိုးဆက်သစ်များ တိုက်တိုင်းအောင်ကြပါစေ။

တရားသောစစ်အောင်ရမည်။

● ဘိုးဒေါင်း




"အကယ်၍ မင်းက ရန်သူကိုသိပြီး ကိုယ့်ကိုကိုယ်သိတယ်ဆိုရင် တိုက်ပွဲ ၁၀၀ ရဲ့ရလဒ်ကို ကြောက်စရာမလိုဘူး။" တရုတ်စစ်ဗိုလ်ချုပ်(စစ်ဘုရင်လို့တင်စားကြတဲ့) စွန်ဇူး (Sun Tzu) ရဲ့ စကားပါ။ ဘာကြောင့် ဒီစကားလေး ကိုးကားရသလဲဆို သေရဲတယ်၊ တိုက်ရဲတယ်၊ မကြောက်ဘူးဆိုတာလောက်နဲ့ စစ်တိုက်လို့မရပါဘူး။ အဓိကကတော့ စစ်ပွဲတပွဲကို တိုက်တော့မယ်ဆိုရင် အခြေအနေတွက်ချက်မှု မှန်ကန်ဖို့လိုပါတယ်။ ရန်သူ့ လူအင်အား၊ လက်နက် အင်အား၊ ငွေအင်အား၊ နေရာအကျယ်အဝန်း၊ ရန်သူစခန်း၊ အထိုင်၊ အရွေ့၊ ရန်သူ့ဗျူဟာ၊ ရန်သူ့နည်းနာ၊ ရန်သူ အသုံးပြုတတ်တဲ့ တိုက်ပွဲသဏ္ဍာန်၊ အချိန်၊ လက်နက်အမျိုးအစား၊

မြေပြင်ထောက် (ရပ်ကွက်၊ နေရာ၊ အဝင်အထွက်၊ လမ်းတွေကို ထောက်လှမ်းစုံစမ်းသူ)၊ ထောက်လှမ်းရေးနည်းနာ၊ ရန်သူ့ ဆိုက်ဖာ (Cypher–ဆက်သွယ်ရေးစကားဝှက်) စတာတွေအပြင် အထူးသဖြင့် ရန်သူ့အားနည်းချက် ကို အနီးစပ်ဆုံး သိဖို့လိုပါတယ်။

ဒီလို သုံးသပ်တဲ့နေရာမှာ မြေပြင်အခြေအနေနဲ့ ကင်းလွတ်လို့မရပါဘူး။ ဒီလိုပဲ မိမိအခြေအနေကို လည်း အထက်ပါ အချက်အလက်တွေအတိုင်း အသေအချာ သုံးသပ်ရပါမယ်။ မိမိအခြေအနေကို သုံးသပ်တဲ့အခါ ပကတိတည်ရှိမှုထက်ကျော်ပြီး အသုံးမဝင်တဲ့ အချက်အလက်တွေကို ဇွတ်မထည့်ပါနဲ့။ ဥပမာ "ငါတို့က တရား တဲ့ စစ်ကိုဆင်နွှဲတာ၊ ငါတို့က လူထုဘက်ကရပ်တာ ဒီတိုက်ပွဲ နိုင်မှာပဲ။ ပြည်သူတွေ ငါတို့ဘက်မှာရှိတယ်။"စတဲ့ အချက်အလက်တွေဟာ သံခင်းတမန်ခင်းတိုက်ပွဲတွေ ဆင်နွှဲတဲ့အခါသာ အသုံးနည်းနည်း တည့်နိုင်ပါတယ်။ ဒါပေမယ့် လက်တွေ့စစ်ပွဲမှာတော့ ပြည်သူတွေဟာ လက်နက်ကိုင်တဲ့သူတိုင်းရဲ့ဝန်ကို ထမ်းရတာမို့ သူတို့ စိတ် အခြေအနေကို အသေအချာ ပိုင်းဖြတ်ဖို့ ခက်ပါလိမ့်မယ်။ ကိုယ့်တွက်ချက်မှုအတိုင်း ရန်သူကလည်း တွက်ချက် မှာကိုသတိရှိပါ။ ပကတိအခြေအနေပေါ်မှာ တွက်ချက်မှု မှန်ကန်သူဘက်က အနိုင်ရဖို့ မခက်ခဲတာကို သတိပြုရ ပါမယ်။ နောက်တခုက ရန်သူ့အားနည်းချက်ကို အသေအချာ ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်အောင်ကြိုးစားဖို့လည်း လိုပါတယ်။

အဲ့သလို လုပ်ဆောင်နိုင်တာဟာ "စစ်မတိုက်ဘဲ (စစ်ပွဲမှာ အသေအပျောက်မရှိဘဲ) အောင်ပွဲရတဲ့နည်း" လို့ စွန်ဇူးက ထောက်ပြထားပါသေးတယ်။ မိမိရဲ့အားသာချက်ဟာ ရန်သူရဲ့ အားနည်းချက်ဖြစ်ရဲ့လား ဆိုတာ တော့ သေချာသိဖို့လိုအပ်ပါတယ်။

ဘာကြောင့် ဒါတွေပြောနေရသလဲဆိုရင် စစ်ပွဲတိုင်းကို စိုးရိမ်ကြောင့်ကျမှုမရှိ အနိုင်ရနိုင်ဖို့ အခြေခံ အချက်အနေနဲ့ စဉ်းစားဖို့လိုလို့ပါ။ စွန်ဇူးရဲ့စကားဟာ စစ်ပညာသင်ကြားတဲ့သူတိုင်းကို ထည့်သွင်းပြောပြလိမ့် မယ်ထင်ပါတယ်။

ဒါပေမယ့် ပညာရပ်ဆိုင်ရာ ကိစ္စရပ်တွေဟာ အချိန်တိုအတောအတွင်းရနိုင်ဖို့ ခက်ခဲလှပါတယ်။ PDF ရဲဘော်တွေဟာ စိတ်ဓာတ်ခွန်အားနဲ့ နှလုံးလှလူသားတွေမို့ ရန်သူ့လက်ထဲ ရနိုင်သလောက်၊ သိသလောက်နဲ့ တွန်းလှန် ကာကွယ်နေရင် အထိအခိုက် အကျအဆုံး များလာနိုင်ပါတယ်။ မြို့ပြပြောက်ကျားဆိုတာကလည်း ကျွမ်းကျင် တဲ့ မြေပြင်ထောက်နဲ့ စစ်ဗျူဟာကျကျ ဦးဆောင်နိုင်မှ၊ နာခံတတ်မှ တိုးရဆုတ်ရလွယ်မယ်။ တနည်းအားဖြင့် အနိုင်ရနိုင်ပါမယ်။ ဒါကြောင့် အတွေ့အကြုံရှိပြီး ကျွမ်းကျင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပါ။ အင်အားကြီးဖို့ လိုသလို တိုက်ပွဲသဏ္ဌာန် ကျစ်လျစ်ဖို့လည်း လိုပါတယ်။ အထူးသဖြင့် နှုတ်လုံပြီး စစ်ပရိယာယ်ကြွယ်ဖို့လိုပါတယ်။ လူသားအရင်းအမြစ် (တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်လိုစိတ်ရှိသူ) သိပ်ကို နည်းပါးလှပါတယ်။ စိတ်ထားမှန်မှန်နဲ့ နိုင်ငံချစ်တဲ့ PDF ရဲဘော်တို့ကို အထိအခိုက်ကျဆုံးမှု နည်းစေဖို့ အခြေခံအုတ်မြစ် (Foundation) ခိုင်ခိုင်ချနိုင် ဖို့ အကြံပြုရင်း ရလဒ်ကောင်းများ ရရှိနိုင်ပါစေကြောင်း ...။

● ထွယ်ဆန် (Htoi San)




# ပြည်သူ့စွမ်းအားလှုပ်ရှားမှုနဲ့ နေ့ဦးတော်လှန်ရေး

● ဟိန်းထက်ဇော်

အာဏာဆိုတာ မြန်မာဝေါဟာရအစစ်တော့မဟုတ်ဘူး။ ပါဠိဝေါဟာရပဲ။ အင်္ဂလိပ်လိုတော့ Power လို့ ပြန်ဆိုကြတယ်။ အင်္ဂလိပ်စကားလုံးကိုတော့ စွမ်းအင်၊ တတ်နိုင်စွမ်းတာ။ အင်အား၊ အစွမ်းသတ္တိ၊ အစွမ်း၊ သြဇာ စသဖြင့် ပရိယာယ်အမျိုးမျိုးနဲ့ ရည်ရွယ်ချက် စာ၊ စကားပေါ် မူတည်ပြီး သုံးကြတာ။

ဒီတော့ 'ပြည်သူ့စွမ်းအား'ကို အင်္ဂလိပ်လိုပြောရင် People Power ပေါ့။ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ကျော် လောက်က ကမ္ဘာ့မီဒီယာတွေနဲ့ နိုင်ငံရေးလောကမှာတော့ People Power Movement 'ပြည်သူ့စွမ်းအားလှုပ်ရှားမှု'ဆိုတဲ့ ဝေါဟာရဟာ အတော်ခေတ်စားပြီး ကမ္ဘာကျော်ခဲ့ဖူးတယ်။ မြန်မာနိုင်ငံမှာတော့ အဲ့ဒီဝေါဟာရကို လူထု ဆီမရောက်အောင် ဖုံးကွယ်ခဲ့ကြဘူးရဲ့။ လူထုအတုယူမှာ စိုးထိတ်ဟန်ထင့်။

ဒီဝေါဟာရ ခေတ်စားလာတာက ဖိလစ်ပိုင်နိုင်ငံကအစပြုခဲ့တာ။ ၁၉၈၆ ခုနှစ်ကပေါ့။ ဖြစ်ပုံက မြန်မာပြည် နဲ့ တော်တော်တူတာတွေရှိတယ်။ ဖိလစ်ပိုင်မှာ 'မားကိုစ်'(Ferdinand Marcos)ဟာ ၁၉၆၅ ခုနှစ်ထဲက သမ္မတ အာဏာကိုယူခဲ့တာ။ ရွေး ကောက်ပွဲတွေမှာလည်း သူပဲအနိုင်ယူခဲ့တာ။ သူအာဏာရကတည်းက ဖိလစ်ပိုင်မှာ အကျင့်ပျက် ခြစားမှုတွေ၊ မသမာမှုတွေ ပေါ်လာတယ်။ အဲ့ဒီ အကျင့်ပျက်ခြစား မသမာမှုတွေနဲ့အတူ စစ်တပ် ကိုချုပ်ကိုင်၊ လူထုကို ခြိမ်းခြောက်ပြီး မဲအရယူခဲ့တာကိုး။

အဲ့ဒီလုပ်ရပ်ကို လက်မခံနိုင်တဲ့ကျောင်းသားတွေက ၁၉၇၀ ထဲမှာ လမ်းပေါ်ထွက်ဆန္ဒပြတာတွေ အကြီး အကျယ်လုပ်လာတယ်။ အဲ့ဒီ ကျောင်းသားတွေဆန္ဒပြတဲ့ လူအုပ်ကြီးထဲ ဗုံးခွဲနှိမ်နင်းတယ်။ ကျောင်းသား ၈ ယောက်သေပြီး ၁၀၀ ကျော် ဒဏ်ရာရခဲ့တယ်။ ပြီးတော့ 'အကြမ်းဖက်သူနှိမ်နင်းရေး'ဆိုတဲ့ အကြောင်းပြချက်နဲ့ စစ်အုပ်ချုပ်ရေးကြေညာပြီး တလျှောက်လုံး စစ်အုပ်ချုပ်ရေးနဲ့ အုပ်ချုပ်လိုက်ပါတော့တယ်။

စစ်အုပ်ချုပ်ရေး ကြေညာပြီးတာနဲ့ အခြေခံဥပဒေကိုပြင်တယ်။ သမ္မတရော ဝန်ကြီးချုပ်ရာထူးပါ သူပဲ

ဆောင်းပါး

ယူလိုက်ပြီး စစ်တပ်ကို တိုးချဲ့ဖွဲ့စည်းလိုက်တယ်။ တပ်ကိုလည်း အခိုင်အမာ ယူထားလိုက်တယ်။ အဲ့ဒီအချိန် အတိုက်အခံခေါင်းဆောင်'ဘင်နီဒစ်အကွီနို'(Benigno S. Aquino Jr)ကို အမေရိကန်သို့ သွားရောက်ဆေးကုသ ခွင့် ပြုလိုက်တယ်။ အကွီနို အမေရိကန်က ပြန်လာတော့ လေယာဉ်ပေါ်ကအဆင်းမှာ သေနတ်နဲ့လုပ်ကြံပစ်သတ် လိုက်တယ်။

၁၉၈၁ ရွေးကောက်ပွဲမှာ အတိုက်အခံမရှိဘဲ သူပဲအနိုင်ရလိုက်တယ်။ အဲ့ဒီအချိန်ကစပြီး ပြည်သူလူထုက မားကို့စ်အပေါ် မကျေနပ်စိတ်တွေ ပိုများလာတယ်။ မားကို့စ်ဆန့်ကျင်လှုပ်ရှားမှုတွေ မကြာခဏ ဖြစ်ပေါ်လာ တယ်။ လူထုရဲ့ဒေါသဟာ တနေ့ထက်တနေ့ ပိုကြီးထွားလာတယ်။ ဒီတော့ လူထုဒေါသငြိမ်သွားအောင် ၁၉၈၆ ခုနှစ်မှာ ရွေးကောက်ပွဲ လုပ်ပေးမယ်လို့ ကြေညာတယ်။ ကြေညာတာက ၁၉၈၅ ခုနှစ် ဒီဇင်ဘာလထဲမှာ။ ရွေး ကောက်ပွဲ ကျင်းပမှာက ၁၉၈၆ ဖေဖော်ဝါရီလ။ ရွေးကောက်ပွဲပြင်ဆင်ချိန် ၂ လပဲရတယ်။

ရွေးကောက်ပွဲမတိုင်မီကတည်းက မဲလိမ်၊ မဲခိုး၊ မဲဝယ်၊ အကွီနိုထောက်ခံသူတွေကို ပစ်သတ်၊ ခြိမ်းခြောက်တာ တွေစတဲ့ ညစ်ပတ်နည်းမျိုးစုံလုပ်တယ်။ ရွေးကောက်ပွဲမှာ ဘင်နီဒစ်အကွီနိုရဲ့ဇနီး ကိုရာဇန်အကွီနို(Corazon Aquino)က အရွေးခံမှာကိုး။ ဒီလိုနဲ့ ရွေးကောက်ပွဲ မဲစာရင်းပြုလုပ်တော့ မားကို့စ်ရဲ့ ညစ်ပတ်မှုတွေကြောင့် ရွေးကောက်ပွဲ ကော်မရှင် (ကွန်ပျူတာ ပညာရှင် ၃၀) က "မဲလိမ်မဲခိုး မလုပ်နိုင်ဘူး"ဆိုပြီး နုတ်ထွက်လိုက်တယ်။ "လွတ်လပ်တဲ့ရွေးကောက် ပွဲလှုပ်ရှားမှုအဖွဲ့က အကွီနိုရတဲ့မဲက ၇ သန်းနဲ့ ၈ သိန်းဖြစ်ပြီး မားကို့စ်ရတဲ့ မဲက ၇ သန်း နဲ့ ၅ သောင်း"လို့ ကြေညာတယ်။ မဲပေါင်း ၇ သိန်း ၅ သောင်းအကွာနဲ့ အကွီနိုပဲ အနိုင်ရတယ်။

လွှတ်တော်အစည်းအဝေးရောက်တော့ ကော်မရှင်က "မားကို့စ်"အနိုင်ရကြောင်း ကြေညာတယ်။ အဲ့ဒီ မှာ အတိုက်အခံအမတ်တွေက လွှတ်တော်ကို ကန့်ကွက်၊ သပိတ်မှောက်ထွက်လာခဲ့တယ်။ ကိုရာဇန်အကွီနိုလည်း လူထုအစည်းဝေးကြီးခေါ်ပြီး ပြည်သူအားလုံး သပိတ်မှောက်ကန့်ကွက်ကြဖို့ တိုက်တွန်း နှိုးဆော်လိုက်တော့ ပြည်သူ သန်းပေါင်းများစွာ လမ်းပေါ်ထွက် ကန့်ကွက် ဆန္ဒပြလိုက်ကြတယ်။ အနုပညာရှင်တွေ၊ စာရေး စာချီ အလုပ်သမား၊ ပြည်သူအားလုံးပါဝင်လာတဲ့ အရေးတော်ပုံကြီးပေါ်လာခဲ့တယ်။ အဲ့ဒီအရေးတော်ပုံကြီးကို People Power Movement "ပြည်သူ့စွမ်းအားလှုပ်ရှားမှု အရေးတော်ပုံကြီး" အဖြစ် ကမ္ဘာကျော်သွားခဲ့ပါတော့တယ်။

မြန်မာနိုင်ငံမှာတော့ ၂၀၂၁ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးကတည်းကပေါ်လာခဲ့တဲ့ လူထုလှုပ်ရှားမှု အရေးတော်ပုံကြီးဟာ ၆ လအကြာထိ ငြိမ်သက်မသွားခဲ့ဘူး။ ငြိမ်းချမ်းစွာဆန္ဒပြသူတွေကို ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်ခဲ့တာကြောင့် မခံနိုင်တဲ့ပြည်သူတွေဟာ အကြမ်းဖက်စစ်တပ်ရဲ့ ပစ်ခတ်မှုကို ခုခံကာကွယ်ဖို့ အတွက် "မြန်မာ့နွေဦးတော်လှန်ရေး"ကိုဖော်ဆောင်ခဲ့ရတယ်။ အဲ့ဒီလို ဖော်ဆောင်နိုင်ခဲ့တာကြောင့် မြန်မာ့နွေဦး တော်လှန်ရေး" ဟာလည်း ကမ္ဘာကျော်ခဲ့ပါတော့တယ်။

ဖိလစ်ပိုင်ကစခဲ့တဲ့ "ပြည်သူ့စွမ်းအားလှုပ်ရှားမှုအရေးတော်ပုံ"လိုပဲ "မြန်မာနွေဦးတော်လှန်ရေး"ဟာ လည်း အာဏာရှင်ဆန့်ကျင်ရေးအောင်ပွဲရဲ့ပြယုဂ်အဖြစ် ကမ္ဘာ့နိုင်ငံရေးသမိုင်းမှာ ဂုဏ်ရောင်တောက်ပစွာ မော်ကွန်း တရပ်အဖြစ် တင်ကျန်ရစ်ခဲ့တော့မှာဖြစ်ကြောင်း ဖော်ပြလိုက်ရပါတယ်။

တရားသောစစ် အောင်ရမည်။

● ဟိန်းထက်ဇော်




**၈၈၈၈** လူထုအရေးတော်ပုံကြီး နှစ်ပတ်လည်ခဲ့ပြန်ပါပြီ။ ဒီတကြိမ်ကျရောက်တဲ့ နှစ်ပတ်လည်ကတော့ ကျနော်တို့ တိုင်းပြည်သမိုင်းမယ် အကြီးမားဆုံးသော အရေးတော်ပုံကာလကြီးအတွင်းမယ် ရှစ်ဆယ့်ရှစ်က သူရဲကောင်း ဝိညာဉ်တွေက ကနေ့ သူရဲကောင်းတွေကိုကြည့်ပြီး သာဓုအနုမောဒနာ ခေါ်ကြတော့မည်ထင်။

ဟုတ်ပါတယ်။

ကနေ့ အရေးတော်ပုံကြီးရဲ့ သူရဲကောင်းတွေ၊ အာဇာနည်တွေဟာ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးရဲ့ မပြီးဆုံးသေးတဲ့တာဝန်တွေကို အဆက်ဆက် ကျေပွန်အောင်ထမ်းရွက်ဖို့ ကြိုးပမ်းခဲ့ကြတဲ့ ၆၀ ကျော်၊ ၇၀ ကျော် ကာလ တွေနဲ့ ၈၈၊ ၉၆၊ ရွှေဝါရောင် လူထုလှုပ် ရှားမှုကြီးတွေက ပေးအပ်ခဲ့တဲ့ တာဝန်တွေကို ထမ်းရွက်ဖို့အခြေခံ ရင်း တိုင်းပြည်ရဲ့အရင်းအမြစ် ကျဆုံးပြဿနာတွေကို ရှင်းထုတ်မှရမယ်လို့ တကမ္ဘာလုံးသိအောင် မီးမောင်းထိုး ပြနေတယ်။

ကနေ့ မြန်မာ့တပ်မတော်ဟာ ဖက်ဆစ်တပ်ဖြစ်တယ်။ ဖက်ဆစ်တပ်ကို ဖျက်ပစ်ဖို့ လူထုတရပ်လုံးက ပြင်းပြင်းထန်ထန် တောင်းဆိုနေတယ်။ အသက်တွေအသေခံပြီး တောင်းဆိုနေတယ်။ ထောင်တွေအကျခံပြီး တောင်းဆို နေတယ်။ ဒီတပ်ကိုဖျက်ပြီး ဖက်ဒရယ်တပ်မတော်နဲ့ အစားထိုးဖို့ဆိုတာ လူထုရဲ့နှလုံးသားထဲအထိ စူးနစ်သွားပြီဖြစ်တယ်။ ဒီသမိုင်းရေစီးကို တားဆီးလို့ ဘယ်လိုမှရတော့မယ်မထင်။ တားဖို့ကြိုးစားတဲ့ ဘယ်အဖွဲ့အစည်း၊ ဘယ် လူပုဂ္ဂိုလ်မဆို သမိုင်းရဲ့ အမှိုက်ခြင်းထဲ စွန့်ပစ်ခြင်းခံရမှာသာဖြစ်တယ်။

ကနေ့ လူထုလှုပ်ရှားမှုကြီးရဲ့ အဓိကကျတဲ့ တောင်းဆိုမှုက ဖက်ဆစ်တပ်ကို ဖက်ဒရယ်တပ်နဲ့ အစားထိုးနိုင်ရေးဖြစ်သလို နိုင်ငံရေးအရလည်း ဖက်ဒရယ်ဒီမိုကရေစီကို တောင်းဆိုနေတာဖြစ်တယ်။ စစ်စစ်မှန်မှန် ဒီမိုကရေစီနဲ့ စစ်စစ်မှန်မှန် တန်းတူရေးကိုတောင်းဆိုနေတာဖြစ်တယ်။ လူ့ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးတွေကို ဘာသာပြန်ပြီး ရယူဖို့ အသက်တွေ ပေးနေကြတာဖြစ်တယ်။ အကျဉ်းထောင်တွေထဲ ဝင်နေကြတာဖြစ်တယ်။

ဒါ့အပြင် ကျနော်တို့တိုင်းပြည်မှာ တခါဖူးမှမရခဲ့ဖူးတဲ့ အမျိုးသားအသီးသီးကြားက နားလည်မှုကို ကနေ့ တွေ့နေရပြီဖြစ်တယ်။ ဒါ့ကြောင့်လည်း ဖက်ဒရယ်ဒီမိုကရေစီဆိုတဲ့အသံ တနိုင်ငံလုံး လျှံနေတာဖြစ်တယ်။

ဒီပွဲ နိုင်မှဖြစ်မယ်။ နိုင်လည်း နိုင်မှာ သေချာတယ်။

ဒါ့ကြောင့်လည်း ဒီကနေ့ ကြီးမြတ်တဲ့ ၂၀၂၁ အရေးတော်ပုံကြီးနဲ့ သမိုင်းတလျှောက် အရေးတော်ပုံ အဆက်ဆက်က သူရဲကောင်း အာဇာနည်အပေါင်းရဲ့ ဂုဏ်ကျေးဇူးကြောင့် ကျနော်တို့တိုင်းပြည်ဟာ အာဇာနည်တို့ရဲ့ တိုင်းပြည်အဖြစ် ကမ္ဘာ့သမိုင်းမယ် မော်ကွန်းတင်ပြီး ဖြစ်ပါကြောင်း …။

အာဇာနည်ထောင်သောင်းကို ဦးညွှတ်လျက် …။

● နီနု

ဆောင်းပါး

# တပတ်အတွင်း သတင်းကောက်နုတ်ချက်

## ရှစ်လေးလုံးနှစ်ပတ်လည် ဂုဏ်ပြုဆန္ဒပြပွဲများပြုလုပ်

ဩဂုတ်လ၈ရက်နေ့မှာကျရောက်မယ့် ရှစ်လေးလုံး လူထုအရေးတော်ပုံ ၃၃နှစ်ပြည့်အကြိုအဖြစ် ရန်ကုန်၊ မန္တလေးနဲ့ နိုင်ငံတဝန်းကမြို့အချို့မှာ ဩဂုတ်၆ရက်နဲ့ ၇ရက်နေ့တွေမှာ စစ်အာဏာရှင်ဖြုတ်ချရေး ဆန္ဒပြပွဲများပြုလုပ်ခဲ့ကြပါတယ်။ "မပြီးဆုံးသေးတဲ့ ၈လေးလုံး လူထုလွတ်မြောက်ရေး တို့အတူရုန်း" အစရှိတဲ့ စာတန်းများကိုင်ဆောင်ကာ စစ်အာဏာရှင်အမြစ်ပျက်ကျဆုံးရေး ကြွေးကြော်ဆန္ဒပြခဲ့ကြတာပဲဖြစ်ပါတယ်။

## မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးသံတမန်ခန့်အပ်၊ မြန်မာ့ခရီးပြင်ဆင်နေ

မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးသံတမန်အဖြစ် ဘရူနိုင်း ဒုနိုင်ငံခြားရေးဝန်ကြီး **Erywan Yusof** ကို အသစ်ခန့်လိုက်ပြီး သူ့အနေနဲ့ မြန်မာနိုင်ငံကိုသွားဖို့ ပြင်ဆင်နေတယ်လို့ ဩဂုတ်လ ၇ ရက်နေ့မှာပြောပါတယ်။ ဘယ်တော့လာရောက်မလဲဆိုတာတော့ မသတ်မှတ်ရသေးဘူးလို့ ဆိုပါတယ်။

## စစ်ကောင်စီက အိမ်စောင့်အစိုးရပြောင်းလဲဖွဲ့စည်း၊ မအလဝန်ကြီးချုပ်တာဝန်ယူ

အာဏာသိမ်းစစ်ကောင်စီက အိမ်စောင့်အစိုးရအဖြစ်အပြောင်းလဲဖွဲ့စည်းလိုက်ပြီး စစ်ခေါင်းဆောင်မအလက ဝန်ကြီးချုပ်အဖြစ် တာဝန်ယူမှာဖြစ်တယ်လို့ ဩဂုတ်လ ၁ရက်နေ့စွဲနဲ့ ထုတ်ပြန်ကြေညာပါတယ်။ နောက်တရက်မှာပဲ အမျိုးသားညီညွတ်ရေးအစိုးရ (**NUG**) က အိမ်စောင့်အစိုးရအဖွဲ့ကို မတရားအသင်းအဖြစ် ကြေညာခဲ့ပါတယ်။

## သံအမတ်ကြီး ဦးကျော်မိုးထွန်းအား လုပ်ကြံရန်ကြံစည်မှုဖြင့် မြန်မာ ၂ဦးကို FBI ဖမ်းဆီး

သံအမတ်ကြီး ဦးကျော်မိုးထွန်းကို လုပ်ကြံဖို့ကြံစည်မှုနဲ့ မြန်မာနိုင်ငံသား နှစ်ဦးကို ဖမ်းဆီးလိုက်တဲ့အကြောင်း အမေရိကန်ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို (**FBI**)က ဩဂုတ်လ၆ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။

ပူးပေါင်းကြံစည်မှုအတွင်းမှာ အမေရိကန်ဒေါ်လာ အနည်းဆုံး ၅၀၀၀ ကို အွန်လိုင်းကနေ လွှဲပေးခဲ့တာကိုလည်း စစ်ဆေးပေါ်ပေါက်ခဲ့ပါတယ်။ အာဏာသိမ်းစစ်ကောင်စီကို လက်နက်ရောင်းနေတဲ့ ထိုင်းလက်နက်ပွဲစားကတဆင့် ပထမအဆင့် ထိခိုက်ဒဏ်ရာရအောင် ခြိမ်းခြောက်ပြီး သံအမတ် ရာထူးကနေ မနုတ်ထွက်ရင် လုပ်ကြံသတ်ဖြတ်ဖို့အထိ မှာကြားအကြံပေးခဲ့ပါတယ်လို့ သိရပါတယ်။

လုပ်ကြံရန်ကြံစည်မှု၏ နောက်ကွယ်ကကြိုးကိုင်သူကို စုံစမ်းနေဆဲဖြစ်ပါတယ်လို့လည်း သိရပါတယ်။ ခြိမ်းခြောက်မှုကြောင့် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းအတွက် အမေရိကန် အာဏာပိုင်တွေက လုံခြုံရေးတိုးမြှင့်ချထားပေးရပါတယ်။


## အရေးတော်ပုံအတွက် အလှူငွေလက်ခံသည့် K Pay နှင့် Wave အကောင့်အချို့ အပိတ်ခံရ

တော်လှန်ရေးအတွက် လိုအပ်တဲ့နေရာတွေကူညီဖို့၊ ကိုဗစ်ကာကွယ်ရေးအတွက် လိုအပ်တဲ့ အောက်ဆီဂျင်ဘူးများဝယ်ယူထောက်ပံ့ဖို့၊ **CDM** လှုပ်ရှားမှုအတွက်ထောက်ပံ့ဖို့ စသည်ဖြင့် ငွေကြေးအကူအညီတွေ အလှူခံဆောင်ရွက်ပေးနေတဲ့ သူတွေရဲ့ **K-Pay** နဲ့ **Wave** အကောင့်တချို့ အခုရက်ပိုင်းမှာ ထိန်းချုပ်အပိတ်ခံလိုက်ရတယ်။ ထိန်းချုပ်အပိတ်ခံလိုက်ရတာကြောင့် သက်ဆိုင်ရာဘဏ်ကို ဆက်သွယ်မေးမြန်းတဲ့အခါ တိကျတဲ့အဖြေမရဘူးလို့ သိရပါတယ်။



# တပတ်အတွင်း သာရေးသတင်းများ

## အသုဘာစက်ဝိုင်း




**ဒလန်ရှင်းနယ်မြေများ**

- စစ်ကိုင်းတိုင်း၊ခင်ဦးမြို့
- ခင်ဦးမြို့နယ်၊ ရွာစဉ်ကျေးရွာ
- မန္တလေး တမ္ပဝတီ မြို့ဟောင်းဈေးနား
- မိုးမောက်မြို့နယ်
- ခင်ဦးမြို့နယ်၊ ရွာသန်းကျေးရွာ
- ကျောက်ဆည်မြို့နယ် ဗလီကွင်းကျေးရွာ
- စစ်ကိုင်းမြို့နယ်၊ ဆင်တပ်ကျေးရွာ

**တိုက်ပွဲဖြစ်ပွားခဲ့သည့်နယ်မြေများ**

- (ကချင်ပြည်နယ်) - (ရှမ်းနီဒေသ)
- (ကယားပြည်နယ် ဘောလခဲနဲ့ ဖရူဆိုမြို့အကြား)
- (ရှမ်းပြည်နယ်တောင်ပိုင်း)

**ဒလန်အမျိုးအစား**

- အုပ်ချုပ်ရေးမှူး(၄)၊ ကြံ့ဖွံ့တ် (၃)၊ မဘသ (၁)၊ ပျူစောထီး (၃)

**မုံးပေါက်ကွဲခဲ့သည့် စကစနှင့်ပတ်သက်ရုံးများ**

- ဧရာဝတီတိုင်း၊ပုသိမ်မြို့နယ်(စည်ပင်ရုံးနဲ့ ရဲကင်းကြား)
- ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့( မြို့တော်ခန်းမ)
- မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (အုပ်ချုပ်ရေးမှူးရုံး)
- ရန်ကုန်မြို့ ကြည့်မြင်တိုင်၊ ဗိုလ်သူရလမ်း(ထွေအုပ်ရုံး)
- နာနတ်တောလမ်းထောင့် (ဂရန်း(ဒ်) ဟံသာနင့်ရဲစခန်း)
- မန္တလေးတိုင်း၊ မိုးကုတ်မြို့အရှေ့ပိုင်း (အချုပ်ထောင်) ရဲတပ်သား ၂ဦးသေ
- ပုသိမ်မြို့တစ်ဖက်ကမ်း (နယ်မြေရဲစခန်းအနီး)
- ကယား(ကရင်နီ)ပြည်နယ် ၊ လွိုင်ကော်မြို့ ( မြို့နယ်စည်ပင်ရုံး)
- ရန်ကုန် ၊စမ်းချောင်း မုန့်တောင်ရပ်ကွက် (အုပ်ချုပ်ရေးမှူးရုံး)
- ဘုန်းကြီးလမ်းနဲ့ မဟာဗန္ဓုလလမ်းထောင့် (ယာဉ်ထိန်းရုံး)
- မြောက်ဒဂုံမြို့နယ်(၄၀) ရပ်ကွက်(ဒလန်လက်ဖက်ရည်ဆိုင်)

ဇူလိုင် ၂၉ ရက်နေ့မှ ဩဂုတ်လ ၇ရက်နေ့အထိသာရေးသတင်းပြဇယားဖြစ်ပါသည်။
တိကျခိုင်လုံသော သတင်းဌာနများမှ ဖော်ပြချက်များကို
မိုလိုတော့ဗ်အဖွဲ့သားများက စုစည်းတင်ပြခြင်းဖြစ်ပါသည်။ တိကျပြီးလက်လှမ်းမီသော အချက်အလက်များကိုသာ
စုစည်းထားခြင်းဖြစ်သောကြောင့် စာရင်းမသိသော သာရေးသတင်းများကိုလည်းတွေးဆ ဝမ်းသာနိုင်ပါကြောင်း.....